
စိတ်ကူးချိုချိုအနုပညာ

# အကျိုးပေးတဲ့ ဟန်းဖုန်း

## နှင့် အခြားပြဇာတ်များ

မောင်မြင့်မား(ဘိုကလေး)



mgyoe.com



# အကျိုးပေးတဲ့ ဟန်းဖုန်း

နှင့်

အခြားပြဇာတ်များ

မောင်မြင့်မား(ဘိုကလေး)

mgroe.com

mgroe.com

nw0020

1500.00 Ks

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းသာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မဈိုးရိပ်လမ်း၊ ရန်ကုန်။
အပြင်အဆင်နှင့်သရုပ်ဖော် - ဖေသစ်တည်
၂၀၁၄၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁ ၅ ၀ ၀ ကျပ်

၈၉၈·၈၃

အကျိုးပေးတဲ့ဟန်းဖုန်းနှင့်အခြားပြဇာတ်များ
မောင်မြင့်မား(ဘိုကလေး) - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ပထမအကြိမ်၊ ၂၀၁၄။
စာမျက်နှာ ၁၂၁ မျက်နှာ၊ ၁၃ စင်တီ x ၂၀.၅ စင်တီ
(၁) အကျိုးပေးတဲ့ဟန်းဖုန်းနှင့်အခြားပြဇာတ်များ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အကျိုးပေးတဲ့ဟန်းဖုန်းနှင့် အခြားပြဇာတ်များ

မောင်မြင့်မား
(ဘိုကလေး)

ပထမအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | အမှာစာ | ၁ |
| ၁။ | (၃)နှစ် | ၃ |
| ၂။ | နားလေးကြသူများ | ၉ |
| ၃။ | ကယ်ကြပါဗျို့ | ၂၂ |
| ၄။ | ဗျာ... | ၂၈ |
| ၅။ | ဖုန်းဝယ်မှဖြစ်တော့မယ် | ၃၆ |
| ၆။ | ဗျာ...ရှင် | ၄၄ |
| ၇။ | ပညာ | ၅၂ |
| ၈။ | ဖြစ်ချင်သလား ဖြစ်ရမယ် | ၆၀ |
| ၉။ | ဆေးပေးမီးယူ | ၆၆ |
| ၁၀။ | ဩော်–မှတ်သားလောက်ပါတယ် | ၇၆ |
| ၁၁။ | မူအရ သင့်တော်ပါသည် | ၈၃ |
| ၁၂။ | ပရဲဆင့်...ပရဲဆင့် | ၈၉ |
| ၁၃။ | အကျိုးပေးတဲ့ ဟန်းဖုန်း | ၉၇ |
| ၁၄။ | ငါလည်းတက်မယ် | ၁၀၃ |
| ၁၅။ | ဒါဆိုရင်ဟုတ်ပြီ | ၁၁၂ |
| ၁၆။ | ရှာတတ်လျှင် တွေ့ | ၁၁၆ |


■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အမှာစာ

ပထမဆုံး ပြောချင်တာကတော့ ကျွန်တော့်အစ်ကိုကြီး မောင်မြင့်မား (ဘိုကလေး)ရဲ့ စာရေးသက်က ကျွန်တော့်အသက်နဲ့ ရွယ်တူဖြစ်နေတယ် ဆိုတာပါပဲ။ ဒါပေမဲ့ သူ့စာအုပ် အမှာစာမှာ လူငယ်က ရေးပေးတာပဲ လိုချင်တယ်လို့ (သူ့အမူအကျင့်အတိုင်း ကပြောင်းကပြန်တွေ)ပြောလာ တော့ ကျွန်တော်လည်း (ငြင်းမရလို့) ရေးပေးရပါတယ်။

ကျွန်တော်က စာရေးသူ မဟုတ်ပါဘူး၊ အယ်ဒီတာပါ။ အစ်ကိုကြီးနဲ့ စပြီး ထိတွေ့ ခင်မင်ခွင့်ရတဲ့ နှစ်သက်တမ်း မကြာသေးပေမယ့် ရင်ဘတ်ချင်း နီးစပ်ခဲ့သူ နှစ်ယောက်ဖြစ်လို့ ညီအစ်ကိုလို ရင်းနှီးခဲ့ကြတာပါ။

*

ကျွန်တော်တို့ မြန်မာစာပေလောကမှာ ပြဇာတ်စာပေဆိုတာ လက်ရှိ ခေတ်ကာလအချိန်မှာ မတွေ့ရသလောက် ရှားပါးနေပါပြီ။

အဲဒီ ပြဇာတ်စာပေကို မပျောက်ပျက်သွားရအောင် တစ်စိုက် မတ်မတ် ရေးသားနေတဲ့ သူတစ်ယောက်ရဲ့ စာအုပ်မှာ အမှာစာရေး ခွင့်ရတဲ့အတွက်လည်း ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူဝမ်းသာမိပါတယ်။

*

mgyoe.com

mgyoe.com

ပြဇာတ်စာပေဆိုပေမယ့် မောင်မြင့်မား(ဘိုကလေး)ရဲ့ ပြဇာတ်တွေကတော့ သရော်စာဘက် နည်းနည်းကဲတယ်လို့ ကျွန်တော်မြင်ပါတယ်။

ရပ်ကွက်ထဲက အဖြစ်အပျက်တွေ၊ စာပေလောကက အဖြစ်အပျက်တွေအပြင် သူကိုယ်တိုင် ဖြတ်သန်းခဲ့ရတဲ့ မဆလခေတ်က အဖြစ်အပျက်တွေကိုရော တခြား အလွှာမျိုးစုံက အကြောင်းအရာတွေကိုပါ ထိထိမိမိ ချက်ကျလက်ကျ သရော်နိုင်သလို ပြဇာတ်စာပေဆိုတဲ့ စည်းဘောင်ထဲကလည်း လွတ်မသွားတာ တွေ့ရပါတယ်။

တစ်ပုဒ်ချင်းစီကို ခံစားသက်ဝင်ရတာတွေ ရေးပြရင် စာဖတ်ပရိသတ်အတွက် ဖတ်ရတာ အရသာမရှိ ဖြစ်သွားမှာစိုးရိမ်လို့ ကိုယ်တိုင်သာ ဖတ်ရှုခံစားကြည့်လိုက်ပါလို့ပဲ ပြောချင်ပါတယ်။

ပြဇာတ်စာပေဆိုပြီး ထုတ်ဝေတာ ရှားပါးနေတဲ့အချိန်မှာ ဒီစာအုပ်ကို ထုတ်ဝေပေးတဲ့ စာအုပ်တိုက်ကိုလည်း ကျေးဇူးတင်ရမှာပါ။

လေးစားလျက်
**လူငယ်အယ်ဒီတာတစ်ဦး**

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# (၃)နှစ်

(တစ်ခန်းရပ်ပြဇာတ်)

## ပါဝင်သရုပ်ဆောင်သူများ

ဦးထိပ်ခေါင် ။ ။ စာရေးဆရာ၊ အသက်(၆၀)ခန့်။
ဦးစိန်တလေး ။ ။ ကုန်သည်၊ အသက်(၅၀)ခန့်။
ဦးတိမ်လွှာ ။ ။ ကဗျာဆရာ၊ အသက်(၅၀)ခန့်။
ဦးရွှေဌေး ။ ။ ရပ်မိရပ်ဖလူကြီး၊ အသက်(၆၀)ခန့်။

(လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည် လာသောက်ကြသော အခြား မထင်မရှား ဇာတ်ဆောင်များ)။

အချိန် ။ ။ နံနက်ခင်း
နေရာ ။ ။ တစ်ခုသော လက်ဖက်ရည်ဆိုင်တစ်ခုအတွင်း။
(အပြင်အဆင်) ။ ။ ရပ်ကွက်တစ်ခုအတွင်း စည်ကားသော လက်ဖက်ရည်ဆိုင်တစ်ခုသဏ္ဌာန် ဖန်တီးထားရမည်။

စားပွဲများ၊ ဖင်ထိုင်ခုံများ၊ လက်ဖက်ရည်ဖျော်သောနေရာ၊ ငွေသိမ်းကောင်တာ သူ့နေရာနှင့်သူ ရှိနေစေရမည်။

* * *

mgyoe.com

mgyoe.com

(ကားလိပ်ဖွင့်)

(လက်ဖက်ရည်ဆိုင်၏ စားပွဲခုံများတွင် လူများ ကျိုးတိုးကျဲတဲရှိနေလျက် ထိပ်ဆုံးစားပွဲတစ်လုံးတွင် ဦးထိပ်ခေါင်၊ ဦးစိန်တလေး၊ ဦးတိမ်လွှာနှင့် ဦးရွှေဒွေးတို့ထိုင်လျက် လက်ဖက်ရည် သောက်နေကြစေ။)

ဦးတိမ်လွှာ ။ ။ (လက်ဖက်ရည်တစ်ငုံသောက်၍ ခွက်ကို ပြန်ချလိုက်ကာ) အခုတလော ဘယ်လိုတွေ ဖြစ်နေသလဲ မသိပါဘူးဗျာ။

ဦးထိပ်ခေါင် ။ ။ (ရေနွေးကြမ်းသောက်လျက်) ဘာဖြစ်လို့လဲကွ။

ဦးတိမ်လွှာ ။ ။ မကြားဖူးတာတွေ ကြားကြားနေရလို့ပါ။

ဦးစိန်တလေး ။ ။ ပြောပါဦး။ ဘာကြားလို့လဲ။

ဦးတိမ်လွှာ ။ ။ ကျွန်တော်တို့ငယ်ငယ်က ဘာကိစ္စ၊ ဘာပြစ်မှုနဲ့ ထောင်ကျကျ ထောင်ကထွက်လာရင်ထောင်ထွက်လို့အခေါ်ခံရရင် သိပ်အားငယ်ကြတာ။ အပြောမခံချင်ဘူး။ တချို့လူမိုက်တွေကတော့ အဲဒီလို အပြောခံရမှ လူတွေက သူ့ကို ကြောက်ကြမှာဆိုတော့ သူ့ကိုယ်သူတောင် ငါက ထောင်ထွက်ကွလို့ပြောတာ ကြားဖူး တယ်။ လူလိမ္မာတွေကတော့ မတော်တဆ ပြစ်မှုတစ်ခုကြောင့် ထောင်ကျ ရင် ထောင်ထွက်လို့ အပြောခံရမှာ အတော်ကြောက်ကြတယ်။

ဦးထိပ်ခေါင် ။ ။ အေးလေ...အခု ဘာဖြစ်လို့လဲ။

ဦးတိမ်လွှာ ။ ။ ဆရာတို့နဲ့ လယ်ဘယ်တန်းက ဆရာ မင်္ဂလာအောင်မောင်းဆိုတဲ့ ဆရာကြီးနဲ့ သုံးလေးခါလောက်ဆုံဖူးတယ်။ သူက စကားပြောရင် ငါထောင်ထဲတုန်းက ဘယ်လိုကွ။ ငါထောင်ထဲမှာတုန်းက အပြင်မှာ ဘယ်လိုကွနဲ့ သူက ဂုဏ်ယူပြောနေတော့ ကျွန်တော်တို့လည်း သူနဲ့ ရွယ်တူမဟုတ်တော့ သူ့အကြောင်း သိပ်မသိဘူးပေါ့ဆရာ။ အရင်က သူထောင်ကျခဲ့တယ်ဆိုတာ တစ်ခါမှ သူမပြောဖူးပါဘူး။

ဦးထိပ်ခေါင် ။ ။ (ရယ်လျက်) ဟုတ်လား။

ဦးတိမ်လွှာ ။ ။ သူ တကယ်ထောင်ကျဖူးလို့လား ဆရာ။

ဦးထိပ်ခေါင် ။ ။ အေး...ကျဖူးတယ်ကွ။ ဒါပေမဲ့ သူ ထောင်ကျ

mgyoe.com

mgyoe.com


တာက သူ တစ်ချိန်က သ/မဉက္ကဋ္ဌလုပ်ခဲ့တုန်းက သ/မပိုင် ငွေတွေစားပြီး ထောင်ကျခဲ့တာကွ။ ထောင်ဝင်စာတွေ့တုန်းက တောင် သူ့မိန်းမနဲ့ ငါလိုက်သွားဖူးတယ်။

ဦးတိမ်လွှာ ။ ။ဒါများ ဆရာ ဂုဏ်ယူပြီးတော့ ပြောနေရသေး တယ်။

ဦးစိန်တလေး ။ ။ ကျုပ်မိတ်ဆွေ အနုပညာသမားတစ်ယောက်လည်း ကြုံဖူးတယ်။ ကျုပ်က ငယ်ငယ်က အဆေါင်းအသင်း တော်တော်စုံခဲ့တာ။ အဲဒီ အနုပညာသမားက တစ်ချိန်က ကျုပ်နဲ့ လည်ပင်း ဖက်နေကြတာ။ ရုပ်ကလည်းဖြောင့် အနုပညာလုပ်ငန်းကလည်း အောင် မြင်ဆိုတော့ စွံတယ်ပေါ့ဗျာ။ အဲဒါ လည်လွန်းတော့ သူများမယား ကြာခို မိပြီး အမှုဖြစ်တော့ ထောင်ကျရော။ ထောင်ကထွက်လာတော့ ကျုပ်ဆီ လည်းမလာ၊ ရင်းနှီးတဲ့လူတွေဆီလည်း မသွား ရှက်လို့နေမှာပေါ့ဗျာ။ အခုတော့ သူ့အကြောင်း သတင်းကြားရပါတယ်။ စကားဝိုင်းမှာ သူ ထောင်ကျဖူးတဲ့အကြောင်း ပြောနေလိုက်တာ ထောင်ထဲမှာတုန်းကဆိုတာ ထပ်နေတာပဲတဲ့။ ကျုပ်တို့ရှေ့တော့ လာမပြောပါဘူး။ သူ့အကြောင်း အဆင်းသိဆိုတော့...။

ဦးရွှေငွေး ။ ။ ဟုတ်ပါ့ဗျာ။ ကျုပ်က ဒီရပ်ကွက်ထဲမှာနေတာ အခု အသက်(၆၀)ကျော်အထိဆိုတော့ ဘယ်လူက ဘာဆိုတာ ၁၀၀ မှာ ၉၀ လောက် ကျုပ်သိတယ်။ တခြား တစ်နေရာက ပြောင်းလာတဲ့လူဆိုရင်တော့ သိပ်မသိဘူးပေါ့ဗျာ။ ဒါပေမဲ့ စုံစမ်းရင်တော့ သိတာပါပဲ။ ဒီတစ်လမ်းကျော်က လမ်းမှာနေတဲ့ ငွေသိန်းဆိုတဲ့ကောင်ဟာ ငယ်ငယ်ကတည်းက အကျင့်မကောင်းဘူး။ အရက်၊ ဖဲ၊ မိန်းမစုံတယ်။ နှစ်လုံး၊ သုံးလုံး၊ ဘောလုံး အကုန်လုပ်တယ်။ မိုက်လည်းမိုက်တယ်။ ထောင်ထဲလည်း ထွက်လိုက် ဝင်လိုက်ပဲ။ ဒါပေမဲ့ သူထောင်ထွက်ဆိုတာ အရင်က တစ်ခါမှမပြောဘူး။ အားလုံးက သိနေတာပဲ။ မနေ့တစ်နေ့က လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ထွက်လာပြီးမှ သူထောင်ထွက်ဆိုတာ ပြောလိုက် တာ မိုးမွှန်နေတာပဲ။ ဘာတွေ ဘယ်လိုဖြစ်ကုန်သလဲ မသိပါဘူး။

ဦးထိပ်ခေါင် ။ ။ ဟုတ်တယ်ဗျ။ ကျုပ်တို့နဲ့ ရင်းနှီးနေတဲ့ ဟို အဘ

mgyoe.com

ကာထိပ်ဖျားဆိုတဲ့ စာရေးဆရာကို ကိုတိမ်လွှာ သိတယ်မဟုတ်လား။

ဦးတိမ်လွှာ ။ ။ သိတယ်။ သိတယ်။

ဦးထိပ်ခေါင် ။ ။ အရေးအခင်းတစ်ခုမှာ နောက်ကနေလိုက်ကြည့်ရင်း အဖမ်းခံရတဲ့အထဲမှာ သူပါသွားတယ်။ဒီလူက လူအေး၊ နိုင်ငံရေးဆိုတာ နားလည်တာ မဟုတ်ဘူး။ ရောယောင်ပြီးပါသွားတာ။ နှစ်လလောက်နေတော့ ဘာမှမဟုတ်လို့ ပြန်လွှတ်လာတယ်။ အဲဒီတုန်းက ငြိမ်နေတာပဲ။ သူအဖမ်းခံရတယ်ဆိုတာ သိတောင်မသိဘူး။ အခုတော့ဗျာ စာရေးဆရာတွေ မဆုံလိုက်နဲ့ ဆုံလိုက်ရင် သူထောင်ထဲမှာတုန်းက ဘယ်လို၊ ထောင်ထဲမှာ ဘယ်သူတွေနဲ့ နေခဲ့ရတာ၊ သူ့ကြောင့် ဘယ်သူတော့ သက်သာသွားတာ။ ရွှန်းရွှန်းကိုဝေနေတာပဲ။ သူထောင်ကျတာက နှစ်လတည်း။ ပြောမဆုံးတော့ဘူး။

ဦးစိန်တလေး ။ ။ ထောင်ကျတာများ ဂုဏ်ယူစရာ ပြောနေလိုက်တာ။ ထောင်ထဲမှာ နှိပ်စက်ခံရတာကျတော့ ဘယ်သူမှ မပြောဘူး။ ကဲ...ကဲ နောက်နေ့ ဆုံကြသေးတာပေါ့။ ထိုင်တာလည်းကြာပြီ။ ရှင်းလိုက်ကြရအောင် (ဆိုင်တွင်းသို့လှမ်းပြော) ရှင်းမယ်ဟေ့။

ဦးတိမ်လွှာ ။ ။ အေးဗျ... ထောင်ကျပြီး ထောင်ထဲမှာ ဘယ်လိုဒုက္ခရောက်တာ၊ ဘယ်လိုခံစားရတာကျတော့ ရှက်လို့ မပြောကြဘူး။ ထောင်ကျတယ်ဆိုတာ...။

(စားပွဲထိုးလူငယ်တစ်ယောက် အနားသို့လာရပ်စေ)

စားပွဲထိုးလူငယ် ။ ။ ရှင်းမှာလား ဆရာတို့...။

ဦးရွှေဒွေး ။ ။ အေး...။

စားပွဲထိုးလူငယ် ။ ။ ဒါထက် စောစောက ဆရာတို့ ထောင်အကြောင်းပြောတာ ကြားလိုက်ပါတယ်။ ကျွန်တော်လည်း ထောင်ကျတာ သုံးနှစ်။ မကောင်းပါဘူး ဆရာတို့ရယ်။ ဒုက္ခရောက်ပါတယ်။ အတော်စွန့်စားရတယ်။ အခုဆို ကလေးနှစ်ယောက်က ပါလာပြီ။ စဉ်းစားသာကြည့်တော့။

mgyoe.com

mgyoe.com


ဦးထိပ်ခေါင် ။ ။ ဟ...မင်းက ဘယ်လိုထောင်ကျတာလဲ။ ဒီဆိုင်မှာ မလုပ်ခင်ကလား။

စားပွဲထိုးလူငယ် ။ ။ မဟုတ်ဘူးလေ ဆရာ။ ဒီဆိုင်မှာ ကျွန်တော်လုပ်နေတာ (၅)နှစ်ရှိပြီ။

ဦးထိပ်ခေါင် ။ ။ ထောင်ကျတာက...။

စားပွဲထိုးလူငယ် ။ ။ (၃)နှစ်။

ဦးထိပ်ခေါင် ။ ။ ဟာ...မင်းဟာက...။

စားပွဲထိုးလူငယ် ။ ။ အိမ်ထောင်ကျတာလေ ဆရာ။ (၃)နှစ်ရှိပြီ။ ဒုက္ခရောက်တယ်။

ဦးထိပ်ခေါင် ။ ။ (စိတ်တိုလျက်) တော်...တော်...ရော့...ပိုက်ဆံ။ သွားကြမယ်ဟေ့။

(ကားလိပ်ချ)

◆

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# နားလေးကြသူများ

(တစ်ခန်းရပ်ပြဇာတ်)

### ပါဝင်သရုပ်ဆောင်သူများ

ဦးထွန်းခေါင် ။ ။ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု ဆရာဝန်ကြီး၊ အသက်(၅၀)ခန့်။
နော်အေးချစ် ။ ။ သူနာပြုဆရာမ။
ကိုသောင်း ။ ။ ကားစပယ်ယာ။
မချယ်ရီဝင်း ။ ။ စူပါမားကက်တစ်ခုမှ အရောင်းစျေးသည်။
မောင်ပျော့ ။ ။ လက်ဖက်ရည်ဆိုင်တစ်ခုမှ စားပွဲထိုး။
မိုင်သိမ့်သိမ့် ။ ။ ဆေးရုံတစ်ခုမှ သူနာပြုဆရာမ။
မောင်မောင်ညွှက် ။ ။ ဓာတ်ဆီဆိုင်တစ်ခုမှ ပန့်ကိုင်သူ။
ဒေါ်လှိုင် ။ ။ လျှပ်စစ်ပစ္စည်းဆိုင်တစ်ခု၏ အိမ်ရှင်။
နံ့ဒါကောင်းကင် ။ ။ မဂ္ဂဇင်းတစ်ခုမှ အယ်ဒီတာ။
ကိုတိုးဆုတ် ။ ။ ထုတ်ဝေသူ။
(အပြင်အဆင်) ။ ။ အထူးကုဆေးခန်းတစ်ခုသဏ္ဌာန် ပြင်ဆင်ထား ရမည်။ စားပွဲ၊ ကုလားထိုင်၊ ဗီရိုများ သူ့နေရာ

mgyoe.com

နှင့်သူ ရှိနေစေရမည်။ ဆရာဝန်ကြီးထိုင်သောအခန်းကို သီးသန့်ခန်းအဖြစ် ပြင်ဆင်ထား၍ ပရိသတ်ဘက်မှ မြင်သာအောင်ထားရမည်။ ဆေးခန်းရှေ့တွင် ဆိုင်းဘုတ်တစ်ခု၌ ဒေါက်တာထွဋ်ခေါင် (နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး)ဟု ထင်ရှားစွာ ရေးထားစေ။ ရှေ့ဘက်ထောင့်တွင် စားပွဲတစ်လုံးနှင့် ကုလားထိုင်တစ်လုံးရှိနေ၍ ထိုနေရာတွင် သူနာပြုဆရာ မနော်အေးချစ် ထိုင်နေစေ။

* * *

## (ကားလိပ်ဖွင့်)

(နော်အေးချစ်က စားပွဲပေါ်တွင် ထပ်ထားသော ဆေးမှတ်တမ်းစာအုပ်များကို တစ်ခုစီယူကြည့်နေစေ။ ရှေ့ရှိ ခုံတန်းရှည်တစ်လုံးပေါ်တွင် ကိုသောင်း၊ မချယ်ရီဝင်း၊ မောင်ပျော၊ မိုင်သိမ့်သိမ့်၊ မောင်မောင်ညွှက်၊ ဒေါ်လှိုင်၊ နံ့ဒါကောင်းကင်နှင့် ကိုတိုးဆုတ်တို့ ထိုင်နေကြစေ)

ဦးထွဋ်ခေါင် ။ ။ ဆရာမရေ လူနာတွေ လွှတ်လိုက်တော့…။

နော်အေးချစ် ။ ။ (ပျာပျာသလဲဖြင့်) ဟုတ်ကဲ့…ဆရာ။

(ဆေးစာအုပ်များယူ၍ ဦးထွဋ်ခေါင်ရှေ့သို့ ချပေး၊ တစ်အုပ်ကိုယူ၍ ကြည့်ကာ အပြင်ကိုလှမ်းခေါ်)

နော်အေးချစ် ။ ။ ဦးသောင်းရှိလား၊ ဝင်ခဲ့ပါ။

(ကိုသောင်း ထိုင်နေရာမှထသွား ဦးထွဋ်ခေါင်ရှေ့ရှိ ခုံတစ်လုံးတွင် ဝင်ထိုင်)

ဦးထွဋ်ခေါင် ။ ။ ဘာဖြစ်သလဲ ပြောပါ။

(ကိုသောင်း မကြားဟန်ဖြင့် ကြောင်တောင်တောင် ကြည့်နေ ဦးထွဋ်ခေါင် သဘောပေါက်ဟန်ဖြင့်)

ဦးထွဋ်ခေါင် ။ ။ (အသံကိုမြှင့်၍) ဘာဖြစ်သလဲ ပြောပါ။

ကိုသောင်း ။ ။ နားလေးနေလို့ပါ။

(ဦးထွဋ်ခေါင်က နားရောဂါကြည့်သော မှန်ဘီလူးနှင့် ခေါင်းစွပ်သည့်ကိရိယာကို ခေါင်းတွင်တပ်ကာ ကိုသောင်း၏ နားနှစ်ဖက်ကို ကြည့်နေစေ)

mgyoe.com

mgyoe.com


ဦးထွဋ်ခေါင် ။ ။ (အသံကိုမြှင့်၍) ဘယ်လောက်ကြာပြီလဲ၊ မျိုးရိုး ရှိသလား။

ကိုသောင်း ။ ။ မျိုးရိုးတော့ မရှိပါဘူး။ ကျွန်တော် အလုပ်ဝင်ပြီး သိပ်မကြာဘူး နားလေးလာတယ်လို့ ထင်တာပဲ။

ဦးထွဋ်ခေါင် ။ ။ ဘာအလုပ်လုပ်သလဲ။

ကိုသောင်း ။ ။ ကားစပယ်ယာ လုပ်ပါတယ်။

ဦးထွဋ်ခေါင် ။ ။ လူသံတွေ ကားသံတွေနဲ့ ဆူညံနေမှာပေါ့။ မိုးရွာ မရှောင် နေပူမရှောင်ဆိုတော့ နားကိုက်တတ်မှာ ပေါ့။

ကိုသောင်း ။ ။ နားတော့ မကိုက်တတ်ဘူး ဆရာ။ တစ်ခုတော့ ရှိတယ်။

ဦးထွဋ်ခေါင် ။ ။ ပြောပါ။

ကိုသောင်း ။ ။ ကျွန်တော်က စပယ်ယာဆိုတော့ တစ်ခါတလေ ငွေပြန်အမ်းဖို့ကို မေ့ချင်ယောင်ဆောင်တတ် တယ်။ တချို့က လှမ်းအော်တောင်းရင်လည်း မကြားချင်ယောင်ဆောင် တတ်တယ်။ ဥပမာ–ကားခ ၁၀၀ ကျပ်ကို ၂၀၀ ကျပ်တန်ပေးရင် မေ့ချင် ယောင်ဆောင်တတ်တယ်။ တောင်းရင်လည်း မကြားချင်ယောင်ဆောင် တတ်တယ်။

ဦးထွဋ်ခေါင် ။ ။ သိပြီ...သိပြီ။ အဲဒီလို မကြားချင်ယောင်ဆောင် တာတွေ များလာတော့ ကြာတော့ တကယ် နား လေးလာရော ဟုတ်တယ် မဟုတ်လား။ ကျွန်တော် သဘောပေါက်ပြီ။ ဆေးစာရေးပေးလိုက်မယ်။ ဝယ်သောက်ပါ။ နားထဲကိုထည့်တဲ့ဆေးရော ဝယ်ပါ။

(ကိုသောင်း ဆေးစာရွက်ယူပြီးထွက်သွား နော်အေးချစ်က လူနာ တစ်ယောက်ထပ်ခေါ်)

နော်အေးချစ် ။ ။ မချယ်ရီဝင်း ဝင်ပါ။

ဦးထွဋ်ခေါင် ။ ။ ဘာဖြစ်သလဲ ပြောပါ။

မချယ်ရီဝင်း ။ ။ နားမကောင်းလို့ပါ။

mgyoe.com

mgyoe.com

(ဦးထွဋ်ခေါင်က မချယ်ရီဝင်းအား နားကြည့်ကိရိယာဖြင့် ကြည့်နေစေ)

ဦးထွဋ်ခေါင် ။ ။ နားထဲမှာတော့ ထူးခြားမှု မရှိပါဘူး။ နားကလိတတ်သလား။

မချယ်ရီဝင်း ။ ။ မလုပ်တတ်ပါဘူး။ ကျွန်မမှာ နားယားလို့တောင် မကုတ်အားပါဘူး၊ အလုပ်များလို့ပါ။

ဦးထွဋ်ခေါင် ။ ။ ဘာအလုပ်လုပ်ပါသလဲ။

မချယ်ရီဝင်း ။ ။ ............စူပါမားကက်က အရောင်းဈေးသည်ပါ။

ဦးထွဋ်ခေါင် ။ ။ ဩော်... စူပါမားကက်ကဆိုတော့ ဈေးဝယ်သူတွေရဲ့ အသံတွေ၊ သီချင်းသံတွေနဲ့ ဆူညံနေမှာပေါ့။

မချယ်ရီဝင်း ။ ။ အဲဒီလောက်လည်း မဟုတ်ပါဘူး။ ကျွန်မတို့စူပါမားကက်က တန်ဖိုးကြီးကြီးပစ္စည်းတွေ ရောင်းတာဆိုတော့ လူအလာနည်းပါတယ်။ တချို့ ဝယ်သူတွေက ဟိုဟာပြပါဦး၊ ဒီဟာပြပါဦး၊ ဒါက ဘယ်လောက်လဲ၊ ယူကြည့်၊ ဈေးမေး၊ နောက်တစ်ခုပြခိုင်း ဘာမိတ်လဲ၊ ဝင်လာတာ ဘယ်လောက်ကြာပြီလဲ၊ ဟိုဟာမေး ဒီဟာမေးနဲ့ မေးသူဆယ်ယောက်မှာ တစ်ယောက်ယောက်ပဲ တကယ်ဝယ်တယ်။ တချို့ကျတော့လည်း ကျွန်မတို့ ဈေးရောင်းသူတွေကို ရိသဲ့သဲ့လုပ်၊ ဈေးစကားမပြောဘဲ တခြားစကားတွေပြော....။

ဦးထွဋ်ခေါင် ။ ။ (ဖြတ်ပြော) သဘောပေါက်ပြီ၊ အဲဒီတော့ အမှန်တကယ်ဝယ်သူက နည်းနည်း၊ ဟိုဟာကိုင်ကြည့် ဒီဟာကိုင်ကြည့်က များများ။ အဲဒီတော့ မေးရင် မကြားချင်ယောင်ဆောင်နေ ကြာလာတော့ နားလေးလာတယ် ဟုတ်တယ် မဟုတ်လား။

မချယ်ရီဝင်း ။ ။ ဟုတ်ပါတယ် ဆရာ၊ အဲဒီအတိုင်းပါပဲ။

ဦးထွဋ်ခေါင် ။ ။ အဲဒီတော့ ဒီဆေးသောက်၊ နားကို ဆေးမှန်မှန်ထည့်၊ နောက်တစ်ပတ်နေရင် ပြန်လာ ဟုတ်လား။

(မချယ်ရီဝင်း ထွက်သွား၊ နော်အေးချစ် လူနာထပ်ခေါ်)

နော်အေးချစ် ။ ။ မောင်ပျော့ ဝင်ပါ။

mgyoe.com

ဦးထွဋ်ခေါင် ။ ။ ဘာဖြစ်သလဲ ပြောပါ။
မောင်ပျော့ ။ ။ နားမကောင်းလို့ပါ။
ဦးထွဋ်ခေါင် ။ ။ ကိုက်တာလား၊ နာတာလား၊ မကြားတာလား။
မောင်ပျော့ ။ ။ မကြားတာပါ။
ဦးထွဋ်ခေါင် ။ ။ ကြာပြီလား။
မောင်ပျော့ ။ ။ တစ်နှစ်လောက်ရှိပါပြီ။

(ဦးထွဋ်ခေါင်က မောင်ပျော့၏ နားနှစ်ဖက်ကို နားကြည့်ကိရိယာဖြင့်ကြည့်)

ဦးထွဋ်ခေါင် ။ ။ ဘာအလုပ်လုပ်သလဲ။
မောင်ပျော့ ။ ။ လက်ဖက်ရည်ဆိုင်မှာ လုပ်ပါတယ်။
ဦးထွဋ်ခေါင် ။ ။ နားကလိတတ်သလား၊ ဥပမာ–နဖာချေးကလော်တာတို့၊ နားယားလို့ ကလိတာတို့ပေါ့။
မောင်ပျော့ ။ ။ တစ်ခါတလေမှပါ။
ဦးထွဋ်ခေါင် ။ ။ ဒါဆိုရင် လက်ဖက်ရည်ဆိုင်ဆိုတော့ သီချင်းတွေ နင်းကန်ဖွင့် ခေါ်မကြား အော်မကြား ဆူနေတော့ ကြာတော့ နားလေးလာရော။
မောင်ပျော့ ။ ။ အဲဒါလည်း ပါမယ်ထင်တယ်။
ဦးထွဋ်ခေါင် ။ ။ နောက်တစ်ချက်က လက်ဖက်ရည်ဆိုင်တွေမှာ တစ်ခုခု မှာပြီးရင် နောက်တစ်ခါ တစ်ခုခုလိုချင်လို့ လူခေါ်ရင် ဘယ်သူမှ မလာတော့ဘူး။ အလုပ်စဝင်တဲ့ လူသစ်ကလေးတွေကတော့ နားပါးပါတယ်။ လူဟောင်းတွေက သူ့ခေါ်သလိုလို ငါ့ခေါ်သလိုလိုနဲ့ မကြားချင်ယောင်ဆောင်နေ ငွေရှင်းဖို့တောင် ရှင်းမယ်ဟော့လို့ ခေါ်တာတောင် တော်တော်ခေါ်ယူရတယ်။ ဟိုလူလာမလိုလို ဒီလူလာမလိုလိုနဲ့ ဟုတ်တယ် မဟုတ်လား။ အဲဒီကစပြီး မင်းတို့စားပွဲထိုးတွေ နားလေးလာရော ဟုတ်တယ် မဟုတ်လား။
မောင်ပျော့ ။ ။ ဟုတ်ပါတယ် ဆရာ။
ဦးထွဋ်ခေါင် ။ ။ ဆေးစာ ရေးပေးလိုက်မယ်။ ဆေးဝယ်သောက်၊ နားထဲလည်း ဆေးထည့် ဟုတ်ပြီလား။

mgyoe.com

mgyoe.com

မောင်ပျော့ ။ ။ ဟုတ်ကဲ့ပါ ဆရာ။

(မောင်ပျော့ထွက်သွား ဆရာမက လူနာထပ်ခေါ်)

နော်အေးချစ် ။ ။ မိုင်သိမ့်သိမ့် ဝင်ပါ။

ဦးထွဋ်ခေါင် ။ ။ ထိုင်ပါ၊ ဘာဖြစ်သလဲ။

မိုင်သိမ့်သိမ့် ။ ။ နားမကောင်းလို့ပါ ဆရာ။

ဦးထွဋ်ခေါင် ။ ။ အခုတလော ဘယ်လိုဖြစ်နေပါလိမ့်၊ နားမကောင်းတဲ့လူနာတွေချည်း တွေ့နေရပါလား။

(ဦးထွဋ်ခေါင်က မိုင်သိမ့်သိမ့်၏ နားနှစ်ဖက်ကို နားကြည့်ကိရိယာဖြင့်ကြည့်)

ဦးထွဋ်ခေါင် ။ ။ နားလေးတာ ကြာပြီလား။

မိုင်သိမ့်သိမ့် ။ ။ အလုပ်ဝင်ပြီး ၆ လလောက်လည်းကြာရော နားလေးလာတာပဲ ဆရာ။

ဦးထွဋ်ခေါင် ။ ။ ဘာအလုပ်လုပ်သလဲ။

မိုင်သိမ့်သိမ့် ။ ။ သူနာပြုဆရာမပါ။

ဦးထွဋ်ခေါင် ။ ။ ဟော...သူနာပြုဆရာမက လူနာလာဖြစ်နေပါလား။ မျိုးရိုးထဲမှာ နားလေးတဲ့လူတွေ ရှိသလား။

မိုင်သိမ့်သိမ့် ။ ။ မရှိပါဘူး ဆရာ။

ဦးထွဋ်ခေါင် ။ ။ သူနာပြုဆရာမဆိုတော့ နားရဲ့တန်ဖိုး၊ နားရဲ့ နူးညံ့တာတွေကို သိပြီးသားပါ။ အထူးပြောစရာ မလိုပါဘူး။ ဒါဆိုရင် တချို့လူနာတွေက ကကျီကကြောင်ကျတတ်တယ်။ ဥပမာ–နည်းနည်းပါးပါး နာမယ်၊ ကိုက်မယ်ဆိုရင် ဆရာမလာပါဦး၊ ဆေးထိုးပေးပါဦး၊ အရည်သောက်ရမလား၊ အဖတ်စားရမလား၊ အားဆေးလေးပေးပါဦး၊ အကြောင်းအမျိုးမျိုးပြပြီး ခေါ်ခေါ်နေတော့ ဆရာမက စိတ်မရှည်တော့ဘူး။ မကြားချင်ယောင်ဆောင်နေရော ဟုတ်လား။

မိုင်သိမ့်သိမ့် ။ ။ ဟုတ်ကဲ့ပါ ဆရာ။

ဦးထွဋ်ခေါင် ။ ။ ဆရာသဘောပေါက်ပြီ။အဲဒီတော့ ဒီဆေးသောက်၊ နားထဲကို ဒီဆေးထည့်၊ နောက်တစ်ပတ်ပြန်လာ

mgyoe.com

mgyoe.com

ဟုတ်လား။

မိုင်သိမ့်သိမ့် ॥ ॥ ဟုတ်ကဲ့ပါ ဆရာ။

(မိုင်သိမ့်သိမ့်ထွက်သွား နော်အေးချစ် လူနာထပ်ခေါ်)

နော်အေးချစ် ॥ ॥ မောင်မောင်ညွှက်ဝင်ပါ။

ဦးထွန်းခေါင် ॥ ॥ ဘာဖြစ်သလဲ ပြောပါ။

မောင်မောင်ညွှက် ॥ ॥ နားတွေမကောင်းဘူး ဆရာ။

ဦးထွန်းခေါင် ॥ ॥ နားလေးတယ်ပေါ့။ ဘာအလုပ်လုပ်သလဲ။

မောင်မောင်ညွှက် ॥ ॥ နားလေးတာပါ။ အလုပ်က ဓာတ်ဆီဆိုင်မှာ ပန့်ကိုင်ပါတယ်။

ဦးထွန်းခေါင် ॥ ॥ ဆီထည့်တဲ့ အလုပ်ပေါ့။ ဒါဆိုရင် ကားသံတွေ ဆူဆူညံညံ အမြဲကြားနေရမယ်။ ကားဆီထည့်နေရင်း တစ်ယောက်ယောက်က စကားပြောရင် မကြားချင်ယောင်ဆောင်နေရမယ် ဟုတ်လား။

မောင်မောင်ညွှက် ॥ ॥ (စဉ်းစားလျက်) အင်း...ဆီထည့်နေရင်း ဆီဂါလန်ပြည်တဲ့အမှတ်မရောက်မီ ရပ်လိုက်ရင် တချို့က သိပ်မကျေနပ်ကြဘူး။ ဒါပေမဲ့ မပြောကြဘူး။ တချို့ ခပ်စွာစွာလူတွေကျတော့ ဘာညာပြောချင်တယ်။ အဲဒါမျိုးဆိုရင် မကြားချင်ယောင်ဆောင်တတ်ပါတယ်။

ဦးထွန်းခေါင် ॥ ॥ သဘောပေါက်ပြီ။ အဲဒါမျိုးက နေ့တိုင်း အကြိမ်များစွာ လုပ်နေကျမဟုတ်လား။

မောင်မောင်ညွှက် ॥ ॥ ဟုတ်မယ် ထင်တယ်။

ဦးထွန်းခေါင် ॥ ॥ ဟုတ်မယ် ထင်တယ်၊ မဟုတ်ဘူး ဟုတ်ကိုဟုတ်တယ်။ အဲဒါ ခင်ဗျားအတွက် နားလေးစေတဲ့ အကြောင်းရင်းပဲ။ အဲဒီတော့ ခင်ဗျား ဒီဆေးသောက်၊ နားကို ဒီဆေး နေ့စဉ်ထည့်၊ ဆေးစာရေးပေးလိုက်တယ်။ နောက်တစ်ပတ်ပြန်လာ။

မောင်မောင်ညွှက် ॥ ॥ ဟုတ်ကဲ့ပါ ဆရာ။

(နော်အေးချစ်က လူနာတစ်ယောက် ထပ်ခေါ်)

နော်အေးချစ် ॥ ॥ ဒေါ်လှိုင် ဝင်ခဲ့ပါ။

mgyoe.com

mgyoe.com


ဒေါ်လှိုင် ။ ။ နားနှစ်ဖက်စလုံး လေတွေထွက်ပြီး သိပ်လည်း မကြားရပါဘူး။

ဦးထွန်းခေါင် ။ ။ ဖြစ်တာ ကြာပြီလား။

ဒေါ်လှိုင် ။ ။ သုံး လေးလလောက် ရှိပါပြီ။

ဦးထွန်းခေါင် ။ ။ နားကိုက်တာတို့၊ နားထဲ ရေဝင်တာတို့ ဖြစ်ဖူး သလား။

ဒေါ်လှိုင် ။ ။ မဖြစ်ဖူးပါဘူး။

(ဦးထွန်းခေါင်က နားကြည့်ကိရိယာဖြင့် ဒေါ်လှိုင်၏နားနှစ်ဖက်အားကြည့်)

ဦးထွန်းခေါင် ။ ။ ပတ်ဝန်းကျင်မှာ ဆူဆူညံညံအသံတွေ ရှိသလား။

ဒေါ်လှိုင် ။ ။ ရှိတာပေါ့ရှင်။

ဦးထွန်းခေါင် ။ ။ ပြောပါဦး။

ဒေါ်လှိုင် ။ ။ ကျွန်မ အိမ်တစ်ခြမ်းကို လျှပ်စစ်ပစ္စည်းအရောင်းဆိုင်ဖွင့်တဲ့ လူတွေကို ငှားထားပါတယ်။ လျှပ်စစ်ပစ္စည်းရောင်းတဲ့ဆိုင်ဆိုတော့ မီးရှိမှ သူတို့ပစ္စည်းက ရောင်းရမှာဆိုတော့ မီးစက်ကို အမြဲတမ်းဖွင့်ထားပါတယ်။ အဲဒီမီးစက်က မိုးလင်းကနေ ည ၁၀ နာရီလောက်အထိ ဖွင့်ထားပါတယ်။

ဦးထွန်းခေါင် ။ ။ ကျွန်တော် သဘောပေါက်ပြီ။ အဲဒီမီးစက်သံက ခင်ဗျားကို ဒုက္ခပေးတာပဲ။ စာချုပ်နဲ့ငှားထားတာဆိုရင် စာချုပ်ပြည့်ရင် အဲဒီဆိုင်မျိုး မငှားနဲ့တော့၊ မီးစက်မသုံးတဲ့ဆိုင်မျိုးငှား။ အဲဒါဆိုရင် ခင်ဗျားနားရောဂါ ပျောက်သွားလိမ့်မယ်။ လောလောဆယ် ဒီဆေးသောက်၊ နားကိုလည်း ဒီဆေးထည့်။ နောက်တစ်ပတ်ပြန်လာ ဟုတ်ပြီလား။

ဒေါ်လှိုင် ။ ။ ဟုတ်ကဲ့ပါ ဆရာ။

(ဒေါ်လှိုင်ထွက်သွား နော်အေးချစ် လူနာထပ်ခေါ်)

နော်အေးချစ် ။ ။ နံ့ဒါကောင်းကင် ဝင်ခဲ့ပါ။

နံ့ဒါကောင်းကင် ။ ။ နားမကောင်းဘူး ဆရာ။ သိပ်မကြားချင်ဘူး။

ဦးထွန်းခေါင် ။ ။ နှစ်ဖက်စလုံးလား၊ ကြာပြီလား။

mgyoe.com

mgyoe.com

နံ့ဒါကောင်းကင် ॥ ॥ နှစ်ဖက်စလုံးပဲ။ လက်ရှိ အလုပ်ဝင်ပြီး သိပ်မကြာဘူး ဖြစ်တာပဲ။

ဦးထွဋ်ခေါင် ॥ ॥ အလုပ်အကိုင်က...။

နံ့ဒါကောင်းကင် ॥ ॥ မဂ္ဂဇင်းအယ်ဒီတာပါ။

ဦးထွဋ်ခေါင် ॥ ॥ ဒါဆိုရင် အလုပ်သိပ်များမှာပေါ့။ ပတ်ဝန်းကျင်မှာရော ဆူဆူညံညံတွေ ရှိသလား။

နံ့ဒါကောင်းကင် ॥ ॥ အလုပ်ကတော့ များပါတယ်။ ဆူဆူညံညံတော့ မရှိပါဘူး။

ဦးထွဋ်ခေါင် ॥ ॥ အလုပ်အခြေအနေကလေး ပြောပြပါ။

နံ့ဒါကောင်းကင် ॥ ॥ စာရေးဆရာတို့၊ ပန်းချီဆရာတို့ စတဲ့ အနုပညာသမားတွေနဲ့ နေ့စဉ် ဆက်ဆံရပါတယ်။ စကားအများကြီး ပြောရပါတယ်။ မအားရတဲ့ကြားထဲ လူတိုင်းကို ညှော်ခံစကားပြောရပါတယ်။ တချို့က အရိပ်သုံးပါး နားမလည်ကြဘူး။ အားနေတိုင်း မဂ္ဂဇင်းတိုက်ကိုလာပြီး လေကန်ကြပါတယ်။ လစဉ် အချိန်မှန်မှန်ထွက်ဖို့ ကြိုးစားနေရတော့ အလုပ်ကများပါတယ်။ လူကိုယ်တိုင်လာပြီး လေကန်တာ အားမရသေးဘူး၊ တချို့က ဖုန်းဆက်ပြီး အရည်မရ အဖတ်မရ လေကန်ကြသေးတယ်။

ဦးထွဋ်ခေါင် ॥ ॥ သဘောပေါက်ပြီ။ အဲဒီလိုလူတွေကို ညှော်ခံစကားပြောရင် အလုပ်က မပြီးတော့ဘူး။ အဲဒီတော့ မကြားချင်ယောင်ဆောင်ပြီးနေတယ် မဟုတ်လား။

နံ့ဒါကောင်းကင် ॥ ॥ ဟုတ်ပါတယ် ဆရာ။

ဦးထွဋ်ခေါင် ॥ ॥ အဲဒါကြောင့် ခင်ဗျားနားလေးတာ။ လောလောဆယ် ဒီဆေးသောက်၊ နားထဲကို ဒီဆေး တစ်နေ့ နှစ်ကြိမ်ထည့်။

နံ့ဒါကောင်းကင် ॥ ॥ ဟုတ်ကဲ့ပါ ဆရာ။

ဦးထွဋ်ခေါင် ॥ ॥ ဒီနေ့ ဘယ်လိုဖြစ်တာလဲ၊ နားရောဂါသမားတွေ ချည်း တွေ့နေရတယ်။ ဆရာမရေ နောက်တစ်ယောက်...။

mgyoe.com

mgyoe.com

နော်အေးချစ် ။ ။ နောက်တစ်ယောက် ဝင်ခဲ့ပါ။ ကိုတိုးဆုတ်ဝင်ပါ။
ဦးထွဋ်ခေါင် ။ ။ နားမကောင်းဘူးထင်တယ်။
ကိုတိုးဆုတ် ။ ။ ဟုတ်ပါတယ် ဆရာ။
ဦးထွဋ်ခေါင် ။ ။ ကြာပြီလား။
ကိုတိုးဆုတ် ။ ။ မကြာသေးပါဘူး။ လေး ငါးလလောက်ပဲ ရှိပါသေးတယ်။
ဦးထွဋ်ခေါင် ။ ။ ဘာအလုပ်အကိုင် လုပ်ပါသလဲ။
ကိုတိုးဆုတ် ။ ။ ထုတ်ဝေသူပါ။
ဦးထွဋ်ခေါင် ။ ။ ထုတ်ဝေသူဆိုတော့ စာရေးဆရာတွေနဲ့ စကားအများကြီး ပြောရမှာပေါ့။
ကိုတိုးဆုတ် ။ ။ ဟုတ်တာပေါ့ ဆရာရယ်။ တချို့ စာရေးဆရာတွေက စကားပြောရတာ အဆင်ပြေပေမယ့် တချို့ဆရာတွေက ကကျိုကကြောင် ဆရာရဲ့။
ဦးထွဋ်ခေါင် ။ ။ စာရေးဆရာဆိုတာ လူယဉ်ကျေးတွေ များပါတယ်။ ခင်ဗျားနဲ့တွေ့တဲ့ စာရေးဆရာတွေက ကကျိုကကြောင်ဆိုတော့ ဘယ်လိုဆရာတွေများပါလိမ့်။
ကိုတိုးဆုတ် ။ ။ အခု လောလောဆယ် မုဆိုးဝတ္ထုတွေ ရေးနေတဲ့ ဆရာဆို သူ့စာအုပ်တွေထုတ်တာ သုံးအုပ်ရှိပြီ။ စာရေးကောင်းပြီး လူက သိပ်ကကျိုကကြောင်ကျတာ။
ဦးထွဋ်ခေါင် ။ ။ မုဆိုးဝတ္ထုတွေ ရေးနေတာဆိုတော့ ဘယ်သူများပါလိမ့်။
ကိုတိုးဆုတ် ။ ။ မောင်မားမြင့်(ဘေးကလို)ပါ ဆရာ။
ဦးထွဋ်ခေါင် ။ ။ သြော်...ဟုတ်ပြီ။ သူ့ဝတ္ထုတွေ ကျုပ်လည်းဖတ်ဖူးတယ်။ သူက ဘယ်လို ကကျိုကကြောင်ကျတာလဲ။
ကိုတိုးဆုတ် ။ ။ သူ့စာမူခကို တွေ့တဲ့နေရာမှာ တောင်းတယ်။ လူရှေ့မရှောင် သူရှေ့မရှောင် တောင်းတယ်။ ဖုန်းဆက်ပြီးတော့လည်း တောင်းတယ်။ အဲဒီတော့ သူ့ကို မတွေ့အောင် မနည်း

mgyoe.com

mgyoe.com

ရှောင်နေရတယ်။

ဦးထွန်းခေါင် ။ ။ ရှောင်လို့မလွတ်လို့ သူနဲ့တွေ့ရင်လည်း မကြားချင်ယောင် ဆောင်တော့တာပဲ မဟုတ်လား။

ကိုတိုးဆုတ် ။ ။ ဟုတ်ပါတယ် ဆရာ။

ဦးထွန်းခေါင် ။ ။ ခင်ဗျားကလည်း သူ့စာမူခကို တစ်ခါတည်း အပြတ်မပေးဘဲ လီလီပြီးပေးနေတာ မဟုတ်လား။

စာရေးဆရာဆိုတာ စာရေးပြီးစားနေရတာ။ စာမူအပ်ပြီးတာနဲ့ စာမူခအပြတ်လိုချင်တာပေါ့။ ခင်ဗျားက လီလီပြီးပေးနေတော့ စာရေးဆရာက တွေ့တဲ့နေရာမှာတောင်း၊ ကကျိကကြောင်လုပ်၊ ခင်ဗျားက မကြားချင်ယောင်ဆောင် အဲဒါနဲ့ နားလေးလာရော။ ခင်ဗျား နားလေးတာပျောက်ချင်ရင် အဲဒီ မောင်မားမြင့်(ဘောကလို)ဆိုတဲ့ စာရေးဆရာကို စာမူခကျန်တာ အကုန်ပေးလိုက်။ လောလောဆယ် ဒီဆေးသောက်၊ နားထဲကိုလည်း ဆေးထည့်။

ကိုတိုးဆုတ် ။ ။ ဟုတ်ကဲ့ပါ ဆရာ။

(ကိုတိုးဆုတ် ထွက်သွား ဦးထွန်းခေါင်တစ်ယောက်တည်းရေရွတ်)

ဦးထွန်းခေါင် ။ ။ အင်း…ညနေကျရင်တော့ ဝမ်းတေဘယ် သေချာပြီ။

နော်အေးချစ် ။ ။ ဆရာ တစ်ယောက်တည်း ဘာတွေပြောနေတာလဲ။

ဦးထွန်းခေါင် ။ ။ စောစောက ဟိုထုတ်ဝေသူဆိုတဲ့လူနဲ့ စကားပြောနေတာ ဆရာမ ကြားတယ်မဟုတ်လား။ သူ

မှဆိုးဝတ္ထုတွေ ထုတ်ပေးနေတဲ့ စာရေးဆရာ မောင်မားမြင့်(ဘောကလို)နဲ့ တွေ့ရင် ဝမ်းတေဘယ်တော့ သေချာပြီလို့ တွက်နေတာ။

နော်အေးချစ် ။ ။ ဆရာက အဲဒီစာရေးဆရာနဲ့ သိလို့လား။

ဦးထွန်းခေါင် ။ ။ သိပ်သိတာပေါ့။ ငါနဲ့ ကျောင်းနေဘက်သူငယ်ချင်း၊ သူ့စာမူခကို အဲဒီထုတ်ဝေသူက တစ်သောင်း

ပေး၊ နှစ်သောင်းပေးနဲ့ လီလီပြီးပေးနေတာ အဲဒီတော့ ငါ့သူငယ်ချင်းက တွေ့တိုင်းတောင်းနေတာပေါ့။ ဒါကြောင့်မို့ နားလေးတာ။ ပျောက်ချင်ရင် စာမူခကို အကျေတစ်ခါတည်း ပေးလိုက်လို့ ပြောလိုက်တာ။

နော်အေးချစ် ။ ။ သဘောပေါက်ပြီ ဆရာ။

mgyoe.com

ဦးထွဋ်ခေါင် ။ ။ အဲဒါကြောင့် ငါ့သူငယ်ချင်းနဲ့ ဒီညနေတွေ့ရင် ဝမ်းတောဘယ်တော့ သေချာပြီလို့ ပြောတာဟေ့။

(ဦးထွဋ်ခေါင်နှင့် နော်အေးချစ် သဘောကျပြီး ရယ်နေချိန်တွင် ကားလိပ်ကြီးက တဖြည်းဖြည်းကျလာစေ)

(ကားလိပ်ချ)

◆

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ကယ်ကြပါဗျို့

(တစ်ခန်းရပ်ပြဇာတ်)

## ပါဝင်သရုပ်ဆောင်သူများ

ယမမင်းကြီး ။ ။ ယမမင်းအဝတ်အစားများ ဝတ်ဆင်ထားရမည်။

လက်ထောက်ယမမင်း ။ ။ လက်ထောက်ယမမင်း အဝတ်အစားများဝတ်ဆင်ထားရမည်။

(အပြင်အဆင်) ။ ။ ငရဲသားများက ငရဲကျနေသောလူများကို နှိပ်စက်ပုံအမျိုးမျိုး ရေးခြယ်ထားသော နောက်ခံပန်းချီကားများကို ချိတ်ဆွဲထားရမည်။ ဇာတ်ခုံမီးရောင်စုံကို အနီရောင်သုံးထားရမည်။ နောက်ခံတီးလုံးအဖြစ် ထိတ်လန့်စရာ တီးလုံးကို တိုးတိုးဖွင့်ထားရမည်။

* * *

(ကားလိပ်ဖွင့်)

(ဇာတ်ခုံရှေ့သို့ ယမမင်းကြီးထွက်လာ၊ ကယ်ပါ...ကယ်ပါ တစာစာ အော်သံများ၊ နာနာကြည်းကြည်း ဝေဒနာခံစားနေရသောအသံများ ဟိုမှ

mgyoe.com

mgyoe.com


သည်မှထွက်လာ။ ထိုအသံများကြားမှ ခိုညည်းသောအသံများ စူးစူးဝါးဝါး ထွက်လာ၊ ယမမင်းက အံ့ဩဟန်ဖြင့် နားထောင်ပြီးမှ အော်လိုက်စေ)

ယမမင်းကြီး ။ ။ ဟ...လက်ထောက်ယမမင်း လာစမ်းပါဦးဟ။

(လက်ထောက်ယမမင်း အပြေးကလေးထွက်လာ)

လက်ထောက်ယမမင်း ။ ။ မင်းကြီး ဘာအကြောင်းများ ထူးလို့ပါလဲ။

ယမမင်းကြီး ။ ။ မောင်မင်းတို့ ယမပြည်မှာ ထူထူးဆန်းဆန်း အသံတွေ ကြားနေရပါလား။

လက်ထောက်ယမမင်း ။ ။ ဘာသံများပါလဲ ဘုရား။

ယမမင်းကြီး ။ ။ မောင်မင်း မကြားဘူးလား။ ခိုညည်းတဲ့အသံကြီးက စူးစူးဝါးဝါး ထွက်နေပါလား။

လက်ထောက်ယမမင်း ။ ။ ဒီလိုပါဘုရား...ခိုညည်းသလိုညည်းပြီး လောဘကြီးတဲ့ လူ့ပြည်ကရောက်လာတဲ့ လူတွေကို အပြစ်ပေးထားတာပါ။ နောက်ဆုံးချမှတ်ထားတဲ့ အရှင်ယမမင်းကြီး အမိန့်အတိုင်း ကျင့်သုံးနေတာပါ။

ယမမင်းကြီး ။ ။ (သတိရသွားဟန်ဖြင့်) သြော်...ဟုတ်ပေသားပဲ။ စိမ်ချက်နဲ့ ပြစ်ဒဏ်အသစ် ဆုံးဖြတ်ထားတာကို မေ့နေတာပဲ။ ဒါဖြင့် ဒီလူတွေက–

လက်ထောက်ယမမင်း ။ ။ လူ့ပြည်က ငရဲကျလာတဲ့ ထုတ်ဝေသူတွေပါ ဘုရား။

ယမမင်းကြီး ။ ။ မှန်ပေသပေါ့။ ညည်းတဲ့နေရာမှာ ထိပ်ဆုံးက ညည်းတဲ့လူတွေ။ နောက်ပြီး သူတို့ပဲ တိုက်ဆောက်၊ ကားစီး။ စာရေးဆရာတွေအပေါ်လည်း ခေါင်းပုံဖြတ်လိုက်သေး။ ညည်းလည်းပြလိုက်သေး။ အဲဒီတော့ သူတို့ကို ဘယ်လိုများ အပြစ်ပေးထားသလဲ။

လက်ထောက်ယမမင်း ။ ။ တစ်ယောက်စီကို တိုင်မှာ ကြိုးနဲ့ချည်ထားပြီး ပတ်ပတ်လည်မှာ ခိုအကောင်တစ်ရာကို အမြဲတမ်း အော်ခိုင်းထားပါတယ်။ အဲဒီအော်သံကြောင့် သူတို့ဘဝ ပြောင်းသွားရင်လည်း နောက်ဘဝမှာ ခိုဘဝရောက်အောင် စီမံထားပါတယ်။

mgyoe.com

mgyoe.com

ယမမင်းကြီး ။ ။ ကောင်းလေစွ...ကောင်းလေစွ။

(တစ်နေရာတွင် ဒယ်အိုးကြီးတစ်ခုထဲ၌ ကယ်ပါ ယူပါ တစာစာ အော်နေသော လူများနှင့် ငရဲသားများက ဆီများအစား အက်စစ်များကို အိုးထဲသို့ လောင်းချနေကြလျက် ထူးခြားချက်မှာ ဒယ်အိုးကြီးအောက်၌ မည်သည့် မီးတောက်မီးလျှံမျှ မမြင်စေရ)

ယမမင်းကြီး ။ ။ လက်ထောက်ယမမင်း ဒီနေရာကလည်း တယ် ထူးခြားနေပါလား။ ဒယ်အိုးထဲကို ဆီထည့်တာလည်းမဟုတ်၊ အောက်ကလည်း မီးအပူမပေးဘဲ သူတို့ ဘာအပြစ်ကြောင့် အော်နေကြတာလဲ။

လက်ထောက်ယမမင်း ။ ။ မှန်လှပါ။ ဒါလည်း အပြစ်ပေး စီမံချက်အသစ်ပါဘုရား။ သူတို့က လူ့ပြည်မှာနေတုန်းက ငရုတ်သီးမှုန့်၊ နနွင်းမှုန့်တို့ထဲမှာ ဟိုဟာတွေရော ဒီဟာတွေရော။ လက်ဖက်ထဲမှာလည်း အရောင်လှအောင်ဆိုပြီး ရောချင်ရာရော၊ ငရုတ်ဆီထဲလည်းရော၊ အကြော်ဆီထဲလည်းရော။ အဲဒီလိုရောတဲ့လူတွေကို ဒယ်အိုးထဲထည့်ပြီး အက်စစ်အပြင်းစားတွေ လောင်းချအပြစ်ပေးတာပါ။

ယမမင်းကြီး ။ ။ သင့်ပေစွ...သင့်ပေစွ။ ကိုယ့်အကျိုးအဖို့ ချမ်းသာဖို့ ပြီးရောဆိုတဲ့လူတွေ အဲဒီအဖြစ်နဲ့ ထိုက်တန်ပါတယ်။

(တစ်နေရာအရောက်တွင် လူတစ်စုအား အပေါ်မှ အုတ်ခဲများပစ်ချ၊ ဘိလပ်မြေများလောင်းချ၊ သဲများလောင်းချနေသော မြင်ကွင်းကို ယမမင်းကြီး မြင်သွားစေ)

ယမမင်းကြီး ။ ။ ဒါတွေကကော တို့ငရဲပြည်မှာ ဒီလိုမျိုး အပြစ်ပေးတာ ထူးထူးခြားခြားပါလား။ သူတို့က ဘယ်လိုအပြစ်များကြောင့်လဲ မောင်မင်း။

လက်ထောက်ယမမင်း ။ ။ မှန်လှပါ။ သူတို့က လူ့ပြည်မှာတုန်းက အုတ်ခဲခိုး၊ ဘိလပ်မြေခိုး၊ သဲခိုးနဲ့ တိုက်တွေကို ဖြစ်သလိုဆောက်လို့ မကြာခဏ တိုက်တွေပြိုကျအောင် ဆောက်တဲ့ ကန်ထရိုက်တွေပါဘုရား။

mgyoe.com

mgyoe.com

ယမမင်းကြီး ။ ။ အိမ်း... ဟုတ်ပေသပေါ့။ သူတို့ ကိုယ်ကျိုး မတရားရှာလို့ တိုက်တွေ ပြိုကျ၊ လူတွေ သေကြ။ သူတို့ကတော့ ကောင်းစားလို့ တိုက်တွေဆောက်၊ ကားထည် လဲစီး၊ စမောကလေးတွေထား။ ကောင်းတယ်၊ ပေးတဲ့အပြစ်နဲ့ ထိုက်တန် တယ်။

(တစ်နေရာအရောက်တွင် တွင်းနက်ကြီးတစ်ခုထဲမှ အော်သံများ ထွက်လာ)

ယမမင်းကြီး ။ ။ လက်ထောက်ယမမင်းကြီး ဒီတွင်းနက်ထဲက အော်သံတွေ ထွက်နေပါလား။ ဘယ်သူတွေ များ ဘာအပြစ်တွေ ပေးထားတာလဲ။

လက်ထောက်ယမမင်း ။ ။ (ခေါင်းကုတ်လျက်) ကျွန်တော်မျိုးကြီး အပြစ် ပေးထားတဲ့အထဲမှာ အဲဒီတွင်းနက်ထဲက လူတွေ မပါပါဘူး။

ယမမင်းကြီး ။ ။ မောင်မင်းတောင် မသိဘူးဆိုရင် ဘယ်လို လုပ် တွင်းနက်ကြီးထဲ ရောက်နေတယ်ဆို တာ စုံစမ်းစမ်းပါဦး။

လက်ထောက်ယမမင်း ။ ။ (တွင်းနက်ကြီးထဲကို ငုံ့ကြည့်လျက်)တွင်းထဲက လူတွေ ဘာတွေအော်နေကြတာလဲ။

အောက်ကအသံ ။ ။ ဒီတွင်းထဲက ကယ်ပေးပါ။

လက်ထောက်ယမမင်း ။ ။ ဒီတွင်းထဲက ကယ်ရအောင် ငရဲပြည်မှာ မောင် မင်းတို့ကို ဒီတွင်းထဲချပြီး အပြစ်ပေးတဲ့စာရင်း မတွေ့ပါဘူး။ ဘယ်တုန်းက ဒီတွင်းထဲရောက်နေတာလဲ။

အောက်ကအသံ ။ ။ မွေးကတည်းကပါ။

ယမမင်းကြီး ။ ။ ဟေ...။

လက်ထောက်ယမမင်း ။ ။ ဒီတွင်းက ငရဲပြည်မှာ မရှိပါဘူး။ အခုမှ မြင် ဖူးတယ်။ မောင်မင်းတို့က လူ့ပြည်ကလား။

အောက်ကအသံ ။ ။ ဟုတ်ပါတယ်။

လက်ထောက်ယမမင်း ။ ။ မင်းတို့လူတွေကျတဲ့တွင်းကလည်း ငရဲပြည်

mgyoe.com

တောင်ရောက်နေပါလား။ မောင်မင်းတို့တွင်းက ဘာတွင်းကြီးလဲ။

အောက်ကအသံ ။ ။ ဆင်းရဲတွင်းပါ။

ယမမင်းကြီး ။ ။ ဟေ...။

လက်ထောက်ယမမင်း ။ ။ ဟေ...။

ယမမင်းကြီး ။ ။ ဒီဆင်းရဲတွင်းကြီးက ငရဲပြည်အထိတောင် ရောက်လာပေမယ့် အပြစ်မရှိတော့ ငါလည်း အပြစ်မပေးရဲဘူး။ အာရုံနှောက်တယ်ဟေ့။ လက်ထောက်ယမမင်း လာလာ လစ်ကြမယ်ဟေ့ မြန်မြန်။

(ကားလိပ်ချ)

◆

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

# ဗျာ ....

(တစ်ခန်းရုပ်ပြဇာတ်)

## ပါဝင်သရုပ်ဆောင်သူများ

| | | |
|---|---|---|
| နံ့ဒါကောင်းကင် | ။ | ။ ..........မဂ္ဂဇင်းအယ်ဒီတာ၊ အသက်(၅၀)ကျော်။ |
| ကိုမသာမယာ | ။ | ။ ..........မဂ္ဂဇင်းအယ်ဒီတာ၊ အသက်(၆၀)ကျော်။ |
| ကိုစွင့်ကား | ။ | ။ စာရေးဆရာ၊ အသက်(၅၀)ကျော်။ |
| ဦးပေတုံး | ။ | ။ စာရေးဆရာ၊ အသက်(၆၀)ကျော်။ |
| မောင်ချစ်ကြည်(ကျူရှင်) | ။ | ။ ကဗျာဆရာ၊ အသက်(၆၀)ကျော်။ |
| ဂိုဒေါင်ကြမ်းခင်း | ။ | ။ ဂမ္ဘီရစာရေးဆရာ၊ အသက်(၆၀)ကျော်။ |
| ကိုရွှေအညာသား | ။ | ။ အညာသားစာရေးဆရာ၊ ရန်ကုန်သို့ တစ်ခါတစ်ရံမှလာသူ။ |
| ကိုရွှေတောသား | ။ | ။ မြစ်ဝကျွန်းပေါ်သား စာရေးဆရာ၊ ရန်ကုန်သို့ တစ်ခါတလေမှလာသူ။ |
| ကိုတောင်ပေါ်သား | ။ | ။ တောင်ပေါ်သားစာရေးဆရာ၊ |

mgyoe.com

mgyoe.com

ရန်ကုန်သို့ တစ်ခါတလေမှလာသူ။

လူကြီးတစ်ဦး ။ ။ ခပ်ဝဝ၊ အသက်(၅၀)ကျော်။

အခြားဇာတ်ဆောင်များ ။ ။ မထင်မရှားစာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာများ။

အချိန် ။ ။ နံနက်(၁၁း၀၀)နာရီခန့်။

နေရာ ။ ။ လေအန်ကုန်း လက်ဖက်ရည်ဆိုင်။

(အပြင်အဆင်) ။ ။ လက်ဖက်ရည်ဆိုင်တစ်ခုသဏ္ဌာန် ပြင်ဆင်ထားရမည်။ ဆိုင်ရှေ့ပလက်ဖောင်းပေါ်တွင် ပလတ်စတစ်ထိုင်ခုံများဖြင့် စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာများ ကြုံသလိုထိုင်နေကာ ရေနွေးအိုး၊ အချိုပန်းကန်များ၊ အကြွမ်းပန်းကန်များ တင်စရာခုံမရှိဘဲ ပလက်ဖောင်းပေါ်တွင် ချထားရမည်။

* * *

## (ကားလိပ်ဖွင့်)

(နံ့ဒါကောင်းကင်၊ ကိုမသာမယာ၊ ကိုစွင့်ကား၊ ဦးပေတုံး၊ မောင်ချစ်ကြည်(ကျူရှင်)နှင့် ဂိုဒေါင်ကြမ်းခင်းတို့ ဝိုင်းထိုင်နေလျက် အခြားစာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာများ ကိုယ့်အစုနှင့်ကိုယ် ဝိုင်းထိုင်နေကြ၍ လေကန်နေကြစေ)

နံ့ဒါကောင်းကင် ။ ။ ဟော့လူတွေ ထိုင်နေတာကြာပြီ။ ဘယ်သူမှလည်း လက်ဖက်ရည်မှာသောက်တာမတွေ့သေးဘူး။ တစ်အိုးတလေလောက် မှာကြပါဦး။

ဦးပေတုံး ။ ။ (တစ်ဖက်ဝိုင်းသို့ လှည့်ပြော) ဟော့... ရေကျော်ဖိုးထောင် တစ်ခါတလေ လက်ဖက်ရည် မှာပါဦးလား။ သူများမှာရင်တော့ ဒိုင်ခံသောက်ပြီး သူတစ်ခါမှ မမှာဘူး။

ကိုစွင့်ကား ။ ။ မှာပါတယ်ဗျာ။ ဦးပေတုံးကလည်း မိန်းမစာရေးဆရာမတွေလာရင်တော့ သူက ဒကာခံနေတာပဲ။ တစ်ခါတလေ လက်တို့ခေါ်ပြီး ဆီချက်တို့၊ ထမင်းပေါင်းတို့တောင် သွားကျွေးသေးတာပဲ။ ဟုတ်တယ် မဟုတ်လား ရေကျော်

mgyoe.com

ဖိုးထောင်ကြီး။ အဲဒီတော့ ဒီဘက်ဝိုင်းတစ်အိုး၊ ဟိုဘက်ဝိုင်းတစ်အိုးမှာဗျာ။

ရေကျော်ဖိုးထောင် ။ ။ (မျက်နှာကြီးစူပုပ်လျက် ဆိုင်ဘက်သို့လှမ်းပြော) ဟေ့...ဒီမှာ နှစ်အိုးပေးပါဟေ့၊ ပိုက်ဆံလည်း တစ်ခါတည်းယူထား။

(ကိုစွင့်ကားနှင့် ဦးပေတုံး တစ်ယောက်ကိုတစ်ယောက် လက်ကုတ်ပြီး ပြုံးကြ)

ကိုမသာမယာ ။ ။ အရည်တော့ရပြီ၊ အဖတ်က လိုသေးတယ်ဟေ့။ (တစ်နေရာကို လှမ်းကြည့်ရင်း) ဟော...သိုက်နန်းရှင်ဆရာမ လာပြီဟေ့။ အရည်ရော အဖတ်ရော ပြည့်စုံသွားပြီဟေ့။

(ရုပ်ရှင်မင်းသမီး ဆွေဇင်ထိုက်နှင့် ရုပ်ချင်းတူသော ဆရာမ သိုက်နန်းရှင်က ဘိန်းမုန့်နှစ်ထုပ်ကို နန္ဒာကောင်းကင်တို့ဝိုင်းနှင့် ရေကျော်ဖိုးထောင်တို့သို့ တစ်ထုပ်စီ ခွဲပေးလိုက်စေ။ ထိုအချိန် ကိုယ်ပိုင်ကားတစ်စီး ထိုးဆိုက်လာကာ ကားပေါ်မှ စာရေးဆရာ မောင်ညွှစ် (သရဲရွာ)က ပိုက်ဆံထုတ်ကြီးကိုကိုင်လျက် ခန့်ခန့်ကြီးဆင်းလာ)

ကိုစွင့်ကား ။ ။ အဘမောင်ညွှစ် နေကောင်းတယ်နော်။

မောင်ညွှစ်(သရဲရွာ) ။ ။ မသာ...ကျုပ်ကိုများ အဘတဲ့။

ကိုစွင့်ကား ။ ။ ချစ်လို့စတာပါ အဘရာ။ အဘ အသက်က (၈၀)ကျော်ပြီ မဟုတ်လား။

မောင်ညွှစ်(သရဲရွာ) ။ ။ (ခုံတစ်လုံးတွင်ဝင်ထိုင်) မသာ လုပ်ပြန်ပြီ။ ကျုပ်အသက်က ခုမှ (၅၈)နှစ်ဗျ။

မောင်ချစ်ကြည် ။ ။ အသက်ကို ပြောင်းပြန်ပြောနေပြန်ပြီ။ (ကျူရှင်)

နံ့ဒါကောင်းကင် ။ ။ ခင်ဗျားတို့ကလည်းဗျာ အဘကနထွားကြီးပါ။ အဘ အခု မာဆတ်က ထလာတာမဟုတ်လား။

မောင်ညွှစ်(သရဲရွာ) ။ ။ စောစောစီးစီး ညနေဆို တော်သေး။ ဟာ... ဒီလူတွေနဲ့တော့ ခက်နေပြီ။

mgyoe.com